၉	ဖော့စဖောရက်စုစုပေါင်း (Total Phosphorus)	○	○	○	○	○	ဓာတ်ခွဲစမ်းသပ်ခြင်း
၁၀	အရောင် (Color)	○	○	○	○	○	ဓာတ်ခွဲစမ်းသပ်ခြင်း
၁၁	အနံ့ (Odor)	○	○	○	○	○	ဓာတ်ခွဲစမ်းသပ်ခြင်း
၁၂	ကိုလီဖောင်းစုစုပေါင်း (Total Coliform)	○	○	○	○	○	ဓာတ်ခွဲစမ်းသပ်ခြင်း
၁၃	ဆီနှင့်အမဲဆီ (Oil and Grease) (ကိုယ်တိုင်စောင့်ကြည့် လေ့လာခြင်း)	○	○	○	○	○	ဓာတ်ခွဲစမ်းသပ်ခြင်း
၁၄	ခရိုမီယမ် (Chromium)	-	-	○	○	○	ဓာတ်ခွဲစမ်းသပ်ခြင်း
၁၅	ပျော်ဝင်အနည်စုစုပေါင်း (Total Dissolved Solids) (ကိုယ်တိုင်စောင့်ကြည့် လေ့လာခြင်း)	○	○	○	○	○	ဓာတ်ခွဲစမ်းသပ်ခြင်း
၁၆	သံဓာတ် (Iron) (ကိုယ်တိုင်စောင့်ကြည့် လေ့လာခြင်း)	○	○	○	○	○	ဓာတ်ခွဲစမ်းသပ်ခြင်း
၁၇	ပြဒါးဓာတ် (Mercury) (ကိုယ်တိုင်စောင့်ကြည့် လေ့လာခြင်း)	○	○	○	○	○	ဓာတ်ခွဲစမ်းသပ်ခြင်း
၁၈	ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်း ဘက်တီးရီးယား (Escherichia Coli) (ကိုယ်တိုင်စောင့်ကြည့် လေ့လာခြင်း)	-	-	○	○	○	ဓာတ်ခွဲစမ်းသပ်ခြင်း

Japan Thilawa Development Myanmar Limited MJTD

စဉ်	ရေအရည်အသွေးတိုင်းတာသည့် အမျိုးအစား (Parameters)	မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2)	မြေပေါ်ရေ နမူနာယူသည့် နေရာ-၄ (SW-4)	မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7)	မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8)	မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2)	မှတ်ချက်
၁၉	ရေစီးဆင်းနှုန်း (Flow Rate)	○	○	-	-	-	ရေနမူနာရယူသည့် နေရာတွင်တိုက်ရိုက်တိုင်းတာခြင်း

မူရင်း။ မြန်မာခိုအဲအင်တာနေရှင်နယ်လီမိတက်

၂.၂ ရေနမူနာရယူသည့်နေရာများ၏တည်နေရာနှင့်အချက်အလက်များဖော်ပြချက်

ရေနမူနာယူသည့်နေရာများကို ဇယား ၂.၂-၁ တွင် ဖော်ပြထားပါသည်။ ရေနမူနာယူသည့် နေရာတစ်နေရာစီတွင် စစ်တမ်းရယူခဲ့သည့်မှတ်တမ်းပုံများကို နောက်ဆက်တွဲ-၁ တွင်ဖော်ပြထားသည်။

ဇယား ၂.၂-၁ ရေနမူနာရယူသည့်နေရာများ

စဉ်.	တည်နေရာ	အသေးစိတ်အချက်အလက်
၁	မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2)	ကိုဩဒိနိတ် - မြောက်လတ္တီတွဒ် - ၁၆° ၄၀' ၂၀.၆၉"၊ အရှေ့လောင်ဂျီတွဒ် - ၉၆° ၁၇' ၁၈.၀၄"
		တည်နေရာ - ရွှေပျောက်ချောင်းအထက်ပိုင်း
		ရေနမူနာရယူသော အမျိုးအစား - မြေပေါ်ရေရယူခြင်းနှင့်ရေစီးနှုန်းတိုင်းတာခြင်း
၂	မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4)	ကိုဩဒိနိတ် - မြောက်လတ္တီတွဒ် - ၁၆° ၃၉' ၄၂.၈၄"၊ အရှေ့လောင်ဂျီတွဒ် - ၉၆° ၁၆' ၂၇.၄၂"
		တည်နေရာ - ရွှေပျောက်ချောင်းအောက်ပိုင်း
		ရေနမူနာရယူသော အမျိုးအစား - မြေပေါ်ရေရယူခြင်းနှင့်ရေစီးနှုန်းတိုင်းတာခြင်း
၃	မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7)	ကိုဩဒိနိတ် - မြောက်လတ္တီတွဒ် - ၁၆° ၄၀' ၁၃.၂၅"၊ အရှေ့လောင်ဂျီတွဒ် - ၉၆° ၁၇' ၅.၆၆"
		တည်နေရာ – ရွှေပျောက်ချောင်းသို့ မရောက်မီ ဇုန် အပိုင်း (ခ)၏ ရေထိန်းကန်ရှိ ထွက်ပေါက်
		ရေနမူနာရယူသော အမျိုးအစား - စွန့်ထုတ်ရေရယူခြင်း
၄	မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8)	ကိုဩဒိနိတ် - မြောက်လတ္တီတွဒ် - ၁၆° ၃၉' ၅၉.၂၅"၊ အရှေ့လောင်ဂျီတွဒ် - ၉၆° ၁၆' ၃၂.၇၇"
		တည်နေရာ – ရွှေပျောက်ချောင်းသို့ မရောက်မီ ဇုန် အပိုင်း (ခ) ၏ ရေထိန်းကန်ရှိ အခြား ရေထွက်ပေါက်
		ရေနမူနာရယူသော အမျိုးအစား - စွန့်ထုတ်ရေရယူခြင်း
၅	မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2)	ကိုဩဒိနိတ် - မြောက်လတ္တီတွဒ် - ၁၆° ၃၉' ၂၅.၃၀"၊ အရှေ့လောင်ဂျီတွဒ် - ၉၆° ၁၇' ၁၅.၆၀"
		တည်နေရာ - ဖလမ်းကျေးရွာရှိ ဘုန်းကြီးကျောင်းပရဝဏ်အတွင်း
		ရေနမူနာရယူသော အမျိုးအစား - မြေအောက်ရေရယူခြင်း

မူရင်း။ မြန်မာခိုအဲအင်တာနေရှင်နယ်လီမိတက်

မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) (ရေအရည်အသွေး ရည်ညွှန်းအမှတ်)

မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2)အား ရွှေပျောက်ချောင်း၏ အထက်ပိုင်းတွင် ရယူခဲ့ခြင်းဖြစ်သည်။ အဆိုပါအမှတ်သည် ဇုန်အပိုင်း(ခ)ဧရိယာ၏ အရှေ့မြောက်ဘက်နှင့် ဒဂုံ-သီလဝါလမ်း၏ တောင်ဘက်တွင် တည်ရှိပါသည်။ အနောက်မြောက်တွင် ဇုန်အပိုင်း(က) နှင့် အရှေ့ဘက်တွင် ပြည်တွင်းစက်မှုဇုန်တို့က အသီးသီး ဝန်းရံလျက် ရှိသည်။

မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) (ရေအရည်အသွေး ရည်ညွှန်းအမှတ်)

ပြည်တွင်းစက်မှုဇုန်၊ သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(က) နှင့် ဇုန်အပိုင်း(ခ)ရှိ လုပ်ငန်းခွင်များမှ စွန့်ထုတ်လိုက်သောရေများပေါင်းစည်းရောနှောသွားသောနေရာ ရွှေပျောက်ချောင်း၏ အောဂ

မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တွင် ရယူခဲ့ခြင်းဖြစ်သည်။ ရွှေပျောက်ချောင်းသည် အရှေ့မှအနောက်သို့စီးဆင်းပြီး ရန်ကုန်မြစ် အတွင်းသို့ စီးဝင်သည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) သည် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2)၏ ချောင်းအောက်ပိုင်း ၂.၁၅ ကီလိုမီတာအကွာတွင် တည်ရှိပါသည်။ အဆိုပါ ရေနမူနာရယူသည့်နေရာသည် ဇုန်အပိုင်း(ခ) ဧရိယာ၏ အနောက်ဘက်တွင်တည်ရှိပြီး ဒဂုံ-သီလဝါလမ်း၏ တောင်ဘက်တွင်တည်ရှိပါသည်။ ပတ်ဝန်းကျင်အနီးအနားတွင် အရှေ့မြောက်ဘက်တွင် ဇုန်အပိုင်း (က)၊ အရှေ့ဘက်တွင် ပြည်တွင်းစက်မှုဇုန်၊ တောင်ဘက်နှင့် အနောက်ဘက်တို့တွင် စပါးခင်းတို့ အသီးသီးတည်ရှိပါသည်။

မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) (စွန့်ထုတ်ရေထွက်ပေါက်)

မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) သည် ဇုန်အပိုင်း(ခ)၏ လုပ်ငန်းလည်ပတ်နေစဉ်ကာလအတွင်း အဓိကစွန့်ထုတ်ရေထွက်ပေါက် ဖြစ်ပါသည်။ ထိုနေရာသည် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) ၏ ချောင်းအောက်ပိုင်း၊ အကွာအဝေးအားဖြင့် ၄၃၄ မီတာ အကွာတွင် တည်ရှိပါသည်။ နမူနာရယူသည့်နေရာမှာ ဇုန်အပိုင်း(ခ) ရေထိန်းကန်၏ထွက်ပေါက်၊ ဇုန်အပိုင်း(ခ) ဧရိယာ၏ မြောက်ဘက်နှင့် ဒဂုံ-သီလဝါလမ်းမကြီး၏ တောင်ဘက်တွင် တည်ရှိပါသည်။ အနီးအနားပတ်ဝန်းကျင်၌ မြောက်ဘက်တွင် ဇုန်အပိုင်း(က) နှင့် အရှေ့ဘက်တွင် ပြည်တွင်းစက်မှုဇုန်တို့ အသီးသီး တည်ရှိပါသည်။

မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) (စွန့်ထုတ်ရေထွက်ပေါက်)

မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) သည် ဇုန်အပိုင်း(ခ)၏ လုပ်ငန်းလည်ပတ်နေစဉ်ကာလအတွင်း အခြားအဓိကစွန့်ထုတ်ရေထွက်ပေါက် ဖြစ်ပါသည်။ ထိုနေရာသည် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ၏ ချောင်းအထက်ပိုင်း၊ အကွာအဝေးအားဖြင့် ၅၀၀ မီတာ အကွာတွင် တည်ရှိပါသည်။ နမူနာရယူသည့်နေရာမှာ ဇုန်အပိုင်း(ခ) ရေထိန်းကန်၏ထွက်ပေါက်၌ရှိသော မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) ၏ အနောက်တောင်ဘက် ၁ ကီလိုမီတာအကွာတွင် တည်ရှိသကဲ့သို့ ဒဂုံ-သီလဝါလမ်းမကြီး၏ တောင်ဘက်တွင် တည်ရှိပါသည်။ အနီးအနားပတ်ဝန်းကျင်၌ မြောက်ဘက်တွင် ဇုန်အပိုင်း(က) နှင့် အရှေ့ဘက်တွင် ပြည်တွင်းစက်မှုဇုန်တို့ အသီးသီး တည်ရှိပါသည်။

မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) (မူလတည်ရှိနေသောရေတွင်းအား ရည်ညွှန်းခြင်း)

မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) အား တူးဖော်ထားသောရေတွင်းမှ ရယူခဲ့ပါသည်။ အဆိုပါ ရေတွင်းသည် ဖလမ်းကျေးရွာရှိ ဘုန်းကြီးကျောင်းပရဝဏ်အတွင်းတွင် တည်ရှိပါသည်။ အနီးအနားပတ်ဝန်းကျင်၌ မြောက်ဘက်တွင် သီလဝါအထူးစီးပွားရေးဇုန်အပိုင်း (က)၊ တောင်ဘက်တွင် ဖလမ်းကျေးရွာ၊ အနောက်ဘက်တွင် လယ်ကွင်းများ၊ အရှေ့မြောက်ဘက်တွင် ပြည်တွင်းစက်မှုဇုန်နှင့် အရှေ့နှင့်အရှေ့မြောက်ဘက်တွင် သီလဝါအထူးစီးပွားရေးဇုန် အပိုင်း (ခ)တို့ အသီးသီးတည်ရှိနေပါသည်။

၂.၃ စောင့်ကြည့်လေ့လာသည့်နည်းလမ်း

ရေနမူနာများကို ရယူပြီး သန့်စင်ထားသောဖန်ပုလင်းညိုများဖြင့် သိမ်းဆည်းပြီး ဇယား ၂.၃-၁ တွင် ဖော်ပြထားသော နည်းလမ်းများဖြင့် ခတ်ခွဲခန်း၌ စစ်ဆေးပါသည်။ ရေနမူနာများကို ရေခဲပုံးများဖြင့် ၂-၄ဒီဂရီ ဆဲလ်စီးရပ်တွင် သိမ်းဆည်းထားပြီး ခတ်ခွဲခန်းသို့ ပို့ဆောင်ပါသည်။ တိုင်းတာသည့် ရေအရည်အသွေး အမျိုးအစားများ၌ ရေအပူချိန်၊ ချဉ်ဖန်ကိန်း နှင့် ပျော်ဝင်အောက်စီဂျင်တို့အား ရေအရည်အသွေး တိုင်းတာသောစက်ကိရိယာ (Horiba U-52) ကိုအသုံးပြု၍ ရေနမူနာရယူသည့်နေရာ၌ပင်

တိုင်းတာခဲ့ပါသည်။ ထို့အပြင်ရေစီးဆင်းမှုနှုန်းကိုလည်း ဒီဂျစ်တယ်ရေစီးနှုန်းတိုင်းကိရိယာ (JFE Digital Current Meter) ဖြင့် ရေနမူနာရယူသည့်နေရာ၌ တိုင်းတာခဲ့ပါသည်။

ဇယား ၂.၃-၁ ရေအရည်အသွေးစစ်ဆေးသည့် နည်းလမ်းများ

စဉ်	အမျိုးအစားများ	နည်းလမ်း
၁	ရေအပူချိန် (Water Temperature)	Instrument Analysis Method (Horiba, U-52, Multi Water Quality Checker)
၂	ချဉ်ဖန်ကိန်း (pH)	Instrument Analysis Method (Horiba, U-52, Multi Water Quality Checker)
၃	ပျော်ဝင်အောက်စီဂျင် (Dissolved Oxygen)	Instrument Analysis Method (Horiba, U-52, Multi Water Quality Checker)
၄	နောက်ကျိမှု (Turbidity)	Instrument Analysis Method (Horiba, U-52, Multi Water Quality Checker)
၅	ဆိုင်းကြွအနယ် (Suspended Solids)	APHA 2540 D (Dry at 103-105°C Method)
၆	ဇီဝနည်းဖြင့်ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် (၅-ရက်) ($BOD_{(5)}$)	APHA 5210 B (5 Days BOD Test)
၇	ဓာတုနည်းဖြင့် ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် ($COD_{(Cr)}$)	APHA 5220D (Close Reflux Colorimetric Method)
၈	နိုက်ထရိုဂျင်စုစုပေါင်း (Total Nitrogen)	HACH Method 10072 (TNT Persulfate Digestion Method)
၉	ဖော့စဖောရက်စုစုပေါင်း (Total Phosphorus)	APHA 4500-P E (Ascorbic Acid Method)
၁၀	အရောင် (Color)	APHA 2120C (Spectrophotometric Method)
၁၁	အနံ့ (Odor)	APHA 2150 B (Threshold Odor Test)
၁၂	ကိုလီဖောင်း စုစုပေါင်း (Total Coliform)	APHA 9221B (Standard Total Coliform Fermentation Technique)
၁၃	ဆီနှင့် အမဲဆီ (Oil and Grease)	APHA 5520B (Partition-Gravimetric Method)
၁၄	ခရိုမီယမ် (Chromium)	APHA 3120 B (Inductively Coupled Plasma (ICP) Method)
၁၅	ပျော်ဝင်အနည်စုစုပေါင်း (Total Dissolved Solids)	APHA 2540 C (Total Dissolved Solids Dried at 180°C Method)
၁၆	သံဓာတ် (Iron)	APHA 3120 B (Inductively Coupled Plasma (ICP) Method)
၁၇	ပြဒါးဓာတ် (Mercury)	APHA 3120 B (Inductively Coupled Plasma (ICP) Method)
၁၈	ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်း ဘက်တီးရီးယား (Escherichia Coli)	APHA 9221 F (Escherichia Coli Procedure Using Fluorogenic Substrate)
၁၉	စီးဆင်းနှုန်း (Flow Rate)	Detection of Electromagnetic Elements (Real-time measurement by AEM 213-D Digital Current Meters)

မူရင်း။ မြန်မာခိုအဲအင်တာနေရှင်နယ်လီမိတက်

Myanmar Japan Thilawa Development Limited MJTD

၂.၄ စောင့်ကြည့်လေ့လာသည့်ကာလ

ရေအရည်အသွေးနှင့် ရေစီးဆင်းမှုနှုန်း စောင့်ကြည့်လေ့လာမှု တိုင်းတာခြင်းအား အောက်တိုဘာ ၉ ရက်၊ ၂၀၂၅ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည်ကို ဇယား ၂.၄-၁ တွင် ဖော်ပြထားပါသည်။ အထူးသဖြင့် မြေပေါ်ရေ နမူနာရယူသည့် နေရာ-၄ (SW-4) တွင် ဒီရေအတက်အကျကြောင့် ဖြစ်ပေါ်လာနိုင်သော သက်ရောက်မှုများကိုရှောင်ရှားနိုင်ရန်အတွက် ဒီရေကျနေစဉ်အတွင်း ရေနမူနာရယူခဲ့သည်။ မြန်မာနိုင်ငံ၊ ရန်ကုန်မြစ်၏ အောက်တိုဘာ ၉ ရက်၊ ၂၀၂၅ ခုနှစ် အတွက် ဒီရေမှတ်တမ်းကို ဇယား ၂.၄-၂ တွင် ဖော်ပြထားပါသည်။

ဇယား ၂.၄-၁ နေရာတစ်ခုချင်းစီအတွက် နမူနာရယူသည့်အချိန်

စဉ်	ရေနမူနာရယူသည့်နေရာ	ရေနမူနာရယူသည့်အချိန်
၁	မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2)	အောက်တိုဘာ ၉ ရက်၊ ၂၀၂၅ ခုနှစ် (၀၈ နာရီ : ၃၁ မိနစ်)
၂	မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4)	အောက်တိုဘာ ၉ ရက်၊ ၂၀၂၅ ခုနှစ် (၀၉ နာရီ : ၁၃ မိနစ်)
၃	မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7)	အောက်တိုဘာ ၉ ရက်၊ ၂၀၂၅ ခုနှစ် (၁၁ နာရီ : ၀၇ မိနစ်)
၄	မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8)	အောက်တိုဘာ ၉ ရက်၊ ၂၀၂၅ ခုနှစ် (၁၁ နာရီ : ၃၈ မိနစ်)
၅	မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2)	အောက်တိုဘာ ၉ ရက်၊ ၂၀၂၅ ခုနှစ် (၁၂ နာရီ :၀၃ မိနစ်)

မူရင်း။ မြန်မာခိုအဲအင်တာနေရှင်နယ်လီမိတက်

ဇယား ၂.၄-၂ မြန်မာနိုင်ငံ၊ ရန်ကုန်မြစ်၏ ဒီရေမှတ်တမ်း

ရက်စွဲ	အချိန်	အမြင့် (မီတာ)	ဒီရေအခြေအနေ
အောက်တိုဘာ ၉ ရက်၊ ၂၀၂၅ ခုနှစ်	၀၁:၁၉	၄.၄၃	ဒီရေအတက် (အတက်ဆုံး)
	၀၇:၃၂	၂.၄၉	ဒီရေအကျ (အကျဆုံး)
	၁၃:၂၉	၄.၉၅	ဒီရေအတက် (အတက်ဆုံး)
	၂၁:၂၀	၁.၉၁	ဒီရေအကျ (အကျဆုံး)

မူရင်း။ မြန်မာဆိပ်ကမ်းအာဏာပိုင်၊ ၂၀၂၅ ခုနှစ်အတွက် ရန်ကုန်မြစ်၏ ဒီရေမှတ်တမ်း

၂.၅ စောင့်ကြည့်လေ့လာမှုရလဒ်များ

ရေအရည်အသွေးစောင့်ကြည့်လေ့လာမှုရလဒ်များကို ဇယား ၂.၅-၁ မှ ဇယား ၂.၅-၃ အထိ ဖော်ပြထားပါသည်။ ဓာတ်ခွဲခန်းဆန်းစစ်မှု ရလဒ်များကို နောက်ဆက်တွဲ-၂ တွင်ဖော်ပြထားသည်။ မြေပေါ်ရေနမူနာရယူသည့် ရေအရည်အသွေးရလဒ်များကို ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီအရင်ခံစာတွင် ပါရှိသည့် ရေအရည်အသွေး ရည်မှန်းတန်ဖိုးများနှင့် မြန်မာနိုင်ငံ၏ အမျိုးသားမြေပေါ်ရေအရည်အသွေးဆိုင်ရာ စံချိန်စံညွှန်း (အပိုင်း ၇.၁.၁ တွင် ဖော်ပြထားသော ဇယား ၂၊ အပိုင်း ၇.၁.၂ တွင် ဖော်ပြထားသော ဇယား ၃ နှင့် အပိုင်း ၇.၂ တွင် ဖော်ပြထားသော ဇယား ၄) တို့ဖြင့် နှိုင်းယှဉ်ထားပါသည်။ ထို့အပြင် မြေအောက် ရေအရည်အသွေးရလဒ်များကို ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီအရင်ခံစာတွင်ပါရှိသည့် ရေအရည်အသွေး ရည်မှန်းတန်ဖိုးများနှင့် နှိုင်းယှဉ်သည့်အပြင် ဗီယက်နမ်နိုင်ငံ၏ မြေအောက်ရေအရည်အသွေး ဆိုင်ရာ ရည်မှန်းတန်ဖိုးတို့ဖြင့် နှိုင်းယှဉ်ထားပါသည်။ ဖြည့်စွက်ချက်အနေဖြင့် မြေပေါ်ရေအရည်အသွေး ရလဒ်များအတွက် လက်ရှိစောင့်ကြည့်လေ့လာခြင်းရလဒ်များကို အောက်တိုဘာလ ၂၀၁၅ ခုနှစ်၏ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီအရင်ခံစာတွင်ပါရှိသည့် SW-2 ၏ မြေပေါ်ရေအရည်

ရလဒ်များနှင့် နှိုင်းယှဉ်ဖော်ပြထားသကဲ့သို့ မြေအောက်ရေအရည်အသွေး ရလဒ်များကို GW-2 ၏ မြေအောက်ရေအရည်အသွေးရလဒ်များနှင့် နှိုင်းယှဉ်ဖော်ပြထားပါသည်။

ရည်မှန်းတန်ဖိုးများဖြင့် နှိုင်းယှဉ်ရာတွင် မြေပေါ်ရေနမူနာယူသည့်နေရာ-၄ (SW-4) မြေပေါ်ရေနမူနာယူသည့်နေရာ-၇ (SW-7) နှင့် မြေပေါ်ရေနမူနာ ယူသည့်နေရာ-၈ (SW-8) တို့တွင် ဆိုင်းကြွအနယ်၊ မြေပေါ်ရေနမူနာယူသည့်နေရာ-၂ (SW-2)၊ မြေပေါ်ရေနမူနာယူသည့်နေရာ-၄ (SW-4)၊ မြေပေါ်ရေနမူနာယူသည့်နေရာ-၇ (SW-7)နှင့် မြေပေါ်ရေနမူနာယူသည့်နေရာ-၈ (SW-8) တို့တွင် ကိုလီဖောင်းစုစုပေါင်းရလဒ်၊ မြေပေါ်ရေနမူနာယူသည့်နေရာ-၂ (SW-2)၊ မြေပေါ်ရေနမူနာယူသည့်နေရာ-၄ (SW-4)၊ မြေပေါ်ရေနမူနာယူသည့်နေရာ-၈ (SW-8)နှင့် မြေအောက်ရေ အရည်အသွေးရေနမူနာယူသည့် နေရာ-၂ (GW-2) များတွင် သံဓာတ် ရလဒ် တန်ဖိုးသည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။

၂.၅.၁ စွန့်ထုတ်ရေထွက်ပေါက်နှင့် စွန့်ထုတ်ရေရောက်ရှိသောချောင်းတွင်းရှိရလဒ်များ

(၁) စွန့်ထုတ်ရေထွက်ပေါက်ရှိ ရေအရည်အသွေးရလဒ်များ

ဆိုင်းကြွအနယ်ရလဒ်အနေဖြင့် ချောင်းတွင်းသို့ မစွန့်ထုတ်ခင် ဇုန်အပိုင်း(ခ)၏ အဓိက စွန့်ထုတ်ရေထွက်ပေါက်များဖြစ်သော မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) ရှိ ရလဒ်များသည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေရခြင်းမှာ ဇုန်အပိုင်း(ခ)ရှိ မြေလွတ်များမှ မြေမျက်နှာပြင် စီးဆင်းရေများကြောင့် ဖြစ်နိုင်ပါသည်။

ကိုလီဖောင်းစုစုပေါင်း ရလဒ်အနေဖြင့် စောင့်ကြည့်လေ့လာသော ဇုန်အပိုင်း(ခ)၏ အဓိက စွန့်ထုတ်ရေထွက်ပေါက်များဖြစ်သော မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) ရှိ ရလဒ်များသည် ကန့်သတ် တန်ဖိုးထက် ကျော်လွန်နေရခြင်းမှာ အမျိုးမျိုးသော အပင်များပေါက် ရောက်ခြင်း နှင့် ရေနေသတ္တဝါများ ကျင်လည်ကျက်စားခြင်း၊ အထူးသဖြင့် ရေထိန်းကန်နှင့် ရေထိန်း တူးမြောင်းတလျှောက်တွင်ရှိသော တိရစ္ဆာန်များမှထွက်ရှိသော စွန့်ပစ်အညစ်အကြေးများကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်မှ အညစ်အကြေးများသည် ရေထိန်းကန်နှင့် ရေထိန်းတူးမြောင်းထဲသို့ စီးဝင်စေပြီး ၎င်းစီးဆင်းရေများတွင်ပါဝင်သော တိရစ္ဆာန်များ၏ စွန့်ပစ်အညစ်အကြေးများနှင့် အခြား အညစ်အကြေးများသည် ကိုလီဖောင်းပါဝင်မှုအား မြင့်တက်စေခြင်းကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။

ကိုလီဖောင်းစုစုပေါင်း၏ ဖြစ်တည်မှုတွင် သဘာဝမှဘက်တီးရီးယားများပါဝင်ပြီး ကိုလီဖောင်းစုစုပေါင်းသည် လူတို့၏ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်မှု မရှိသော်ငြားလည်း ကိုလီဖောင်း ဘက်တီးရီးယား အမျိုးအစားထဲမှ ကျန်းမာရေးအပေါ် သက်ရောက်မှု ရှိ/မရှိသိစေရန် တစ်နည်းအားဖြင့် ဝမ်းကိုက်ရောဂါကို ဖြစ်စေသော ကိုလီဖောင်း ဘက်တီးရီးယား အမျိုးအစားတစ်မျိုး (E Coli) အား ဓာတ်ခွဲစမ်းသပ်လေ့လာခဲ့ပါသည်။ ဤဝမ်းကိုက်ရောဂါကို ဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား(E Coli)ရလဒ်အရ မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) ၏ တန်ဖိုးသည် ကန့်သတ်တန်ဖိုးအတွင်းရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် မြေပေါ်ရေနမူနာယူသည့်နေရာ-၇ (SW-7)နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) တွင် ကိုလီဖောင်းစုစုပေါင်းသည် ကန့်သတ်တန်ဖိုးထက် များနေသော်လည်း လူ၏ကျန်းမာရေးကို ထိခိုက်နိုင်သည့် သက်ရောက်မှုမရှိနိုင်ကြောင်း သတ်မှတ်နိုင်ပါသည်။

Myanmar Japan Thilawa Development Limited MJTD

သံဓာတ်ရလဒ်အနေဖြင့် စောင့်ကြည့်လေ့လာသည့် ရေထိန်းကန် မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) ရှိ ရလဒ်သည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေသည်။ ဖြစ်နိုင်သောအဓိက အကြောင်းအရာများမှာ သဘာဝ သံဓာတ်အရင်းအမြစ်၏ လွှမ်းမိုးမှုကြောင့် ဖြစ်နိုင်ပါသည် (သံဓာတ်သည် ရေစီးဆင်းမှုကြောင့် မြေဆီလွှာ အတွင်းမှ ထွက်လာနိုင်ပါသည်)။ အထူးသဖြင့် သီလဝါအထူးစီးပွားရေးဇုန် ၏ ပတ်ဝန်းကျင်ရှိ တောင်ကုန်းငယ်များသည် သံဓာတ်ကြွယ်ဝသော မြေဆီလွှာ(ဂဝံမြေ) ဖြင့် အဓိကဖွဲ့စည်းထားပြီး စီးဆင်းရေများ သို့မဟုတ် လေပြင်းတိုက်ခတ်မှုများကြောင့် ၎င်းမြေသားများသည် မြေနိမ့်ပိုင်းဒေသများသို့ ရောက်ရှိသွားသောကြောင့် ဖြစ်နိုင်ပါသည်။ ထို့အပြင် သံဓာတ်များသည် သဘာဝအတိုင်း ပတ်ဝန်းကျင်တွင် အချိန်ကြာမြင့်စွာ ကျန်ရှိနေခြင်းကြောင့်ဖြစ်သည်။

စောင့်ကြည့်လေ့လာသောရလဒ်များအား ၂၀၂၄ တွင် ထုတ်ပြန်ထားသော အမျိုးသားမြေပေါ်ရေအရည်အသွေးဆိုင်ရာစံချိန်စံညွှန်းနှင့် နှိုင်းယှဉ်သောအခါတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရေအရည်အသွေးအမျိုးအစားများ (ချဉ်ဖန်ကိန်း၊ ပျော်ဝင်အောက်စီဂျင်၊ ဆိုင်းကြွအနယ်၊ ဇီဝနည်းဖြင့်ဖြိုခွဲရန် အောက်စီဂျင်လိုအပ်ချက်၊ ဓာတုနည်းဖြင့်ဖြိုခွဲရန် အောက်စီဂျင်လိုအပ်ချက်နှင့် ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား) များသည် ရေအသုံးပြုမှု အမျိုးအစား ၁၊ ၃ နှင့် ၅ တို့နှင့် အသီးသီး ကိုက်ညီသကဲ့သို့ စောင့်ကြည့်လေ့လာသည့် အမျိုးအစားများ (အရောင်၊ ပျော်ဝင်အနည်စုစုပေါင်းနှင့် နောက်ကျိမှု) များသည် ရေအသုံးပြုမှုအမျိုးအစား ၁၊ ၂ နှင့် ၅ တို့တွင် လိုက်လျောညီထွေရှိနေပါသည်။ ထို့အပြင် လူသားတို့၏ ကျန်းမာရေးအတွက် စောင့်ကြည့်လေ့လာသည့် ရေအရည်အသွေး အမျိုးအစား (ပြဒါးဓာတ်) သည် ရေအသုံးပြုမှုအမျိုးအစား ၁ မှ ၅ အတွင်း ရှိပါသည်။ စောင့်ကြည့် လေ့လာသော ရေအရည်အသွေး အမျိုးအစားများ၏ ရလဒ်များအား အမျိုးသား မြေပေါ်ရေအရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းဖြင့် ကိုးကားသည့်အခါ မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) ၏ ရေအရည်အသွေးအား ရေအသုံးပြုမှုအမျိုးအစား ၅ အဖြစ်အသုံးပြုနိုင်ပါသည်။

ယခုစောင့်ကြည့်လေ့လာသောရလဒ်များနှင့် ၂၀၁၅ တွင် တိုင်းတာခဲ့သော အခြေခံရလဒ်များအား နှိုင်းယှဉ်ခဲ့ရာတွင် မြေပေါ်ရေနမူနာယူသည့်နေရာ-၇ (SW-7) နှင့် မြေပေါ်ရေနမူနာယူသည့်နေရာ-၈ (SW-8) တို့၏ အောက်စီဂျင်ပျော်ဝင်မှုနှင့် ဆီနှင့် အမဲဆီ တို့၏ ရလဒ်များသည် မြေပေါ်ရေနမူနာယူသည့်နေရာ-2 (SW-2) (၂၀၁၅ခုနှစ် အခြေခံအချက်အလက် တိုင်းတာခြင်း) ၏ ရလဒ်များထက် နည်းပါးနေကြောင်း တွေ့ရှိရပါသည်။

Myanmar Japan Thilawa Development Limited MJTD

ဇယား ၂.၅-၁ ရေထွက်ပေါက်များ၏ ရေအရည်အသွေး စောင့်ကြည့်လေ့လာမှု ရလဒ်များ

စဉ်	ရေအရည်အသွေး တိုင်းတာသည့် အမျိုးအစား (parameters)	ယူနစ်	မြေပေါ်ရေ နမူနာ ယူသည့် နေရာ-၇ (SW-7)	မြေပေါ်ရေ နမူနာ ယူသည့် နေရာ-၈ (SW-8)	SW-2 (အခြေခံ ရလဒ်၊ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာ)*	ရည်မှန်း တန်ဖိုး	အမျိုးသား မြေပေါ်ရေ အရည်အသွေး ဆိုင်ရာစံချိန်စံညွှန်း
၁	ရေအပူချိန် (Water Temperature)	˚C	၂၇	၂၉	၂၆.၇	≤ ၃၅	-
၂	ချဉ်ဖန်ကိန်း (pH)	-	၇.၁	၇.၄	၆.၆	၆~၉	၆.၅-၈.၅ (Class I)
၃	ပျော်ဝင်အောက်စီဂျင် (Dissolved Oxygen)	mg/l	၄.၃၅	၅.၀၆	၆.၅	-	> ၄ (Class III)
၄	နောက်ကျိမှု (Turbidity)	NTU	၁၀၅	၂၄၁	-	-	၁၀၀ (Class V)
၅	ဆိုင်းကြွေအနယ် (suspended solid)	mg/l	၅၂	၁၀၆	-	၅၀	၁၅၀ (Class V)
၆	ဇီဝနည်းဖြင့်ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် (၅-ရက်) ($BOD_{(5)}$)	mg/l	၅.၃၂	၅	-	၃၀	၈ (Class III)
၇	ဓာတုနည်းဖြင့် ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် ($COD_{(Cr)}$)	mg/l	၁၂.၁	၉	-	၁၂၅	၁၃ (Class III)
၈	ကိုလီဖောင်းစုစုပေါင်း (Total Coliform)	MPN/ 100ml	၃၅၀၀၀	၃၅၀၀၀	-	၄၀၀	-
၉	ဆီနှင့် အမဲဆီ (Oil and Grease)	mg/l	< ၃.၁	< ၃.၁	၃.၄	၁၀	No noticeably seen
၁၀	နိုက်ထရိုဂျင်စုစုပေါင်း (Total Nitrogen)	mg/l	၄	၅.၃	-	၈၀	-
၁၁	ဖော့စဖောရက်စုစုပေါင်း (Total Phosphorus)	mg/l	၀.၀၈	၀.၁၄	-	၂	-
၁၂	အရောင် (Color)	TCU (True Color Unit)	၁၉.၅၇	၁၃.၈၆	-	၁၅၀	၂၅ (Class II)
၁၃	အနံ့ (Odor)	TON (Threshold Odor Number)	၁	၁	-	-	-
၁၄	ပျော်ဝင်အနည်စုစုပေါင်း (Total Dissolved Solids)	mg/l	၁၂၈	၁၇၀	-	၂၀၀၀	၅၀၀ (Class I)
၁၅	ပြဒါးဓာတ် (Mercury)	mg/l	≤ ၀.၀၀၂	≤ ၀.၀၀၂	-	၀.၀၀၅	၀.၀၀၁ (Class I – V)
၁၆	ခရိုမီယမ် (Chromium)	mg/l	≤ ၀.၀၀၂	≤ ၀.၀၀၂	-	၀.၅	-
၁၇	သံဓာတ် (Iron)	mg/l	၂.၉၄၈	၈.၄၂၀	-	၃.၅	-

စဉ်	ရေအရည်အသွေး တိုင်းတာသည့် အမျိုးအစား (parameters)	ယူနစ်	မြေပေါ်ရေ နမူနာ ယူသည့် နေရာ-၇ (SW-7)	မြေပေါ်ရေ နမူနာ ယူသည့် နေရာ-၈ (SW-8)	SW-2 (အခြေခံ ရလဒ်၊ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာ)*	ရည်မှန်း တန်ဖိုး	အမျိုးသား မြေပေါ်ရေ အရည်အသွေး ဆိုင်ရာစံချိန်စံညွှန်း
၁၈	ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်း ဘက်တီးရီးယား (Escherichia Coli) (ကိုယ်တိုင်စောင့်ကြည့် လေ့လာခြင်း)	MPN/100ml (SW)	၂၀.၀	၂၀.၀	-	(၁၀၀၀)** (CFU/၁၀၀ ml)	၂၀ (Class I)
၁၉	စီးဆင်းနှုန်း (Flow Rate)	m^3/s	-	-	-	-	-

မှတ်ချက်။ အနီရောင်ဖြင့်ဖော်ပြထားသောတန်ဖိုးများသည်သတ်မှတ်ထားသည့်တန်ဖိုးများထက်ကျော်လွန်နေသည်ကိုဆိုလိုပါသည်။
မှတ်ချက်။ အမျိုးသားမြေပေါ်ရေအရည်အသွေးဆိုင်ရာ စံချိန်စံညွှန်း ၂၀၂၄။
*မှတ်ချက်။ အောက်တိုဘာလ ၂၀၁၅ တွင် တိုင်းတာခဲ့သော ဇုန်အပိုင်း(ခ)၏ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီအရင်ခံစာတွင် ဖော်ပြထားသော အခြေခံရလဒ်များ။
**မှတ်ချက်။ စွန့်ထုတ်ရေများ စွန့်ထုတ်လိုက်သောချောင်း၏ အသုံးပြုမှုပေါ်မူတည်၍ ဂျပန်နိုင်ငံ၏ ချိုးရေစံချိန်စံညွှန်း (ပတ်ဝန်းကျင် ဆိုင်ရာဝန်ကြီးဌာန၊ ၁၉၉၇)ကို ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား(E.coli)၏ ရည်မှန်းတန်ဖိုးအဖြစ် သတ်မှတ်ထားပါသည်။ သို့သော်လည်း မြန်မာနိုင်ငံရှိ ဓာတ်ခွဲခန်းများ၏ လုပ်ဆောင်နိုင်မှု ကန့်သတ်ချက်များကြောင့် စီအက်ဖ်ယူတန်ဖိုး "Colony Forming Unit (CFU)" အား တိုင်းတာ၍မရပါ။ ထို့ကြောင့် အမ်ပီအန် “Most Probable Number (MPN)” ရလဒ်များကို စီအက်ဖ်ယူတန်ဖိုးနှင့် တူညီသည်ဟုယူဆပြီး ရည်မှန်းတန်ဖိုးနှင့် နှိုင်းယှဉ်ပါသည်။ မြန်မာနိုင်ငံတွင် စီအက်ဖ်ယူတန်ဖိုးကို သုံးသပ်နိုင်သည်နှင့် တစ်ပြိုင်နက် သုံးသပ်သည့်နည်းလမ်းများ ပြောင်းလဲမည်ဖြစ်သည်။
ဂျပန်နိုင်ငံ၏ ချိုးရေ ရေစံချိန်စံညွှန်း (ပတ်ဝန်းကျင်ဆိုင်ရာဝန်ကြီးဌာန၊ ၁၉၉၇)အရ ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား (E. coli) တန်ဖိုး ၁၀၀၀ CFU/၁၀၀ ml ထက်ကျော်လွန်နေသည်မှာ ချိုးရေအဖြစ်သုံးရန် မသင့်တော်ဟုယူဆပါသည်။
မူရင်း။ မြန်မာခိုအဲအင်တာနေရှင်နယ်လီမိတက်

(၂) စောင့်ကြည့်လေ့လာသည့် ရည်ညွှန်းအမှတ်များ၏ ရေအရည်အသွေးရလဒ်များ (ချောင်း)

ဆိုင်းကြွအနည်၏ ရလဒ်အနေဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ရှိ ဆိုင်းကြွအနည်ရလဒ်သည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေရခြင်းမှာ (၁) သဘာဝအလျောက် ချောင်းအထက်ပိုင်းမှ စီးဆင်းလာခြင်းနှင့် သီလဝါအထူးစီးပွားရေးဇုန်ပြင်ပရှိ ပြည်တွင်းစက်မှုဇုန်မှ စွန့်ထုတ်လိုက်သော ရေများကြောင့်လည်းကောင်း၊ (၂) ရွှေပျောက်ချောင်းတလျှောက် ချောင်းအောက်ဘက်ရှိ ရေများသည် ဒီရေအတက်အကျကြောင့် အထက်သို့ ပြန်လည်စီးဝင်လာခြင်းကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။

ကိုလီဖောင်းစုစုပေါင်း ရလဒ်အနေဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့ရှိ ရလဒ်များသည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေသည့် အဓိကအကြောင်းအရင်း သုံးမျိုးကြောင့် ဖြစ်နိုင်သည် (၁) အမျိုးမျိုးသော အပင်များပေါက်ရောက်ခြင်း နှင့် ရေနေသတ္တဝါများ ကျင်လည်ကျက်စားခြင်း၊ အထူးသဖြင့် တိရစ္ဆာန်များမှ ထွက်ရှိသော စွန့်ပစ်အညစ်အကြေးများကြောင့် လည်းကောင်း၊ (၂) အနီးပတ်ဝန်းကျင်မှ အညစ်အကြေးများသည် ရွှေပျောက်ချောင်းသို့ စီးဆင်းပြီး ၎င်းစီးဆင်းရေများတွင် ပါဝင်သော တိရစ္ဆာန်များ၏စွန့်ပစ်အညစ်အကြေးများနှင့် အခြားအညစ်အကြေးများသည် ကိုလီဖောင်းပါဝင်မှုအား မြင့်တက်စေနိုင်ခြင်းကြောင့် လည်းကောင်း၊ (၃) ဒီရေတက်ချိန်တွင် ရွှေပျောက်ချောင်း

တလျှောက် တိုးဝင်လာသောဒီရေများတွင် ပါရှိလာနိုင်သော အညစ်အကြေးများကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။

သံဓာတ်ရလဒ်အနေဖြင့် စောင့်ကြည့်လေ့လာသည့် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ရှိ ရလဒ်သည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေပါသည်။ ဖြစ်နိုင်ချေရှိသော မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ရှိ ရလဒ် ကျော်လွန်နေရခြင်း အကြောင်းအရာများမှာ သဘာဝသံဓာတ်အရင်းအမြစ်၏ လွှမ်းမိုးမှုကြောင့် ဖြစ်နိုင်ပါသည် (သံဓာတ်သည် ရေစီးဆင်းမှုကြောင့် မြေဆီလွှာအတွင်းမှ ထွက်လာနိုင်ပါသည်)။ အထူးသဖြင့် သီလဝါ အထူးစီးပွားရေးဇုန်၏ ပတ်ဝန်းကျင်ရှိ တောင်ကုန်းငယ်များသည် သံဓာတ်ကြွယ်ဝသော မြေဆီလွှာ (ဂဝံမြေ) ဖြင့် အဓိကဖွဲ့စည်းထားပြီး စီးဆင်းရေများ သို့မဟုတ် လေပြင်းတိုက်ခတ်မှုများကြောင့် ၎င်းမြေသားများသည် မြေနိမ့်ပိုင်းဒေသများသို့ ရောက်ရှိသွားသောကြောင့် ဖြစ်နိုင်ပါသည်။

စောင့်ကြည့်လေ့လာသောရလဒ်များအား ၂၀၂၄ တွင် ထုတ်ပြန်ထားသော အမျိုးသားမြေပေါ်ရေအရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းနှင့် နှိုင်းယှဉ်သောအခါတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ရေအရည်အသွေးအမျိုးအစားများ (ချဉ်ဖန်ကိန်း၊ ပျော်ဝင်အောက်စီဂျင်၊ ဆိုင်းကြွေအနယ်၊ ဇီဝနည်းဖြင့်ဖြိုခွဲရန် အောက်စီဂျင်လိုအပ်ချက် နှင့် ဓာတုနည်းဖြင့် ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက်) ၏ တန်ဖိုးများသည် ရေအသုံးပြုမှုအမျိုးအစား ၁၊ ၃၊ ၄ နှင့် ၅ တို့နှင့် အသီးသီး လိုက်လျောညီထွေမှု ရှိနေသကဲ့သို့ စောင့်ကြည့်လေ့လာသည့် အမျိုးအစားများ (အရောင်၊ ပျော်ဝင်အနည်စုစုပေါင်း နှင့် နောက်ကျိမှု)များသည် ရေအသုံးပြုမှုအမျိုးအစား ၁၊ ၃ နှင့် ၅ တို့နှင့် ကိုက်ညီနေပါသည်။ ထို့အပြင် လူသားတို့၏ ကျန်းမာရေးအတွက် စောင့်ကြည့်လေ့လာသည့် ရေအရည်အသွေး အမျိုးအစား (ပြဒါးဓာတ်) သည် ရေအသုံးပြုမှုအမျိုးအစား ၁ မှ ၅ အတွင်း ရှိပါသည်။ စောင့်ကြည့်လေ့လာသော ရေအရည်အသွေးအမျိုးအစားများ၏ ရလဒ်များအား အမျိုးသားမြေပေါ်ရေအရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းဖြင့် ကိုးကားသည့်အခါ မြေပေါ်ရေနမူနာယူသည့်နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့်နေရာ-၄ (SW-4) တို့၏ ရေအရည်အသွေးအား ရေအသုံးပြုမှုအမျိုးအစား ၅ အဖြစ် အသုံးပြုနိုင်ပါသည်။

ယခုစောင့်ကြည့်လေ့လာသောရလဒ်များ နှင့် ၂၀၁၅ တွင် တိုင်းတာခဲ့သော အခြေခံရလဒ်များအား နှိုင်းယှဉ်ခဲ့ရာတွင် မြေပေါ်ရေနမူနာယူသည့်နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့်နေရာ-၄ (SW-4) တို့၏ ပျော်ဝင်အောက်ဆီဂျင် နှင့် ဆီနှင့်အမဲဆီ တို့၏ရလဒ်များသည် မြေပေါ်ရေနမူနာယူသည့်နေရာ-2 (SW-2) (၂၀၁၅ခုနှစ် အခြေခံအချက်အလက် တိုင်းတာခြင်း) ၏ ရလဒ်များအောက် နည်းပါးနေကြောင်း တွေ့ရှိရပါသည်။

Myanmar Japan Thilawa Development Limited MJTD

ဇယား ၂.၅-၂ ချောင်းမှရေအရည်အသွေး စောင့်ကြည့်လေ့လာမှုရလဒ်များ

စဉ်	ရေအရည်အသွေး တိုင်းတာသည့် အမျိုးအစား (parameters)	ယူနစ်	မြေပေါ်ရေ နမူနာ ယူသည့် နေရာ-၂ (SW-2)	မြေပေါ်ရေ နမူနာ ယူသည့် နေရာ-၄ (SW-4)	SW-2 (အခြေခံ ရလဒ်၊ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာ)*	ရည်မှန်း တန်ဖိုး	အမျိုးသား မြေပေါ်ရေ အရည်အသွေး ဆိုင်ရာစံချိန်စံညွှန်း
၁	ရေအပူချိန် (Water Temperature)	˚C	၂၆	၂၆	၂၆.၇	≤ ၃၅	-
၂	ချဉ်ဖန်ကိန်း (pH)	-	၆.၉	၇.၄	၆.၆	၆~၉	၆.၅-၈.၅ (Class I)
၃	ပျော်ဝင်အောက်စီဂျင် (Dissolved Oxygen)	mg/l	၃.၆၈	၄.၃	၆.၅	-	> ၃ (Class IV)
၄	နောက်ကျိမှု (Turbidity)	NTU	၄၂	၄၄၉	-	-	၁၀၀ (Class V)
၅	ဆိုင်းကြွအနယ် (suspended solid)	mg/l	၂၀	၁၉၈	-	၅၀	၁၅၀ (Class V)
၆	ဇီဝနည်းဖြင့်ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် (၅-ရက်) ($BOD_{(5)}$)	mg/l	၄.၇၄	၅.၄၇	-	၃၀	၈ (Class III)
၇	ဓာတုနည်းဖြင့် ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် ($COD_{(Cr)}$)	mg/l	၁၄.၇	၆.၀	-	၁၂၅	၅၀ (Class IV)
၈	နိုက်ထရိုဂျင်စုစုပေါင်း (Total Nitrogen)	mg/l	၃.၀	< ၀.၅	-	၈၀	-
၉	ဖော့စဖောရက်စုစုပေါင်း (Total Phosphorus)	mg/l	၀.၁၁	၀.၁၁	-	၂	-
၁၀	အရောင် (Color)	TCU (True Color Unit)	၃၂.၄၃	၅.၂၉	-	၁၅၀	၅၀ (Class III)
၁၁	အနံ့ (Odor)	TON (Threshold Odor Number)	၁	၁	-	-	-
၁၂	ကိုလီဖောင်းစုစုပေါင်း (Total Coliform)	MPN/ 100ml	၁၆၀၀၀၀	၉၂၀၀၀	-	၄၀၀	-
၁၃	ဆီနှင့် အမဲဆီ (Oil and Grease)	mg/l	< ၃.၁	< ၃.၁	၃.၄	၁၀	No noticeably seen
၁၄	ပျော်ဝင်အနည်စုစုပေါင်း (Total Dissolved Solids)	mg/l	၁၁၂	၁၈၈	-	၂၀၀၀	၅၀၀ (Class I)
၁၅	သံဓာတ် (Iron)	mg/l	၈.၅၈၀	၆.၀၄၀	-	၃.၅	-
၁၆	ပြဒါးဓာတ် (Mercury)	mg/l	≤ ၀.၀၀၂	≤ ၀.၀၀၂	-	၀.၀၀၅	၀.၀၀၁ (Class I – V)
၁၇	ခရိုမီယမ် (Chromium)	mg/l	≤ ၀.၀၀၂	≤ ၀.၀၀၂	-	၀.၅	-
၁၈	စီးဆင်းနှုန်း (Flow Rate)	m^3/s	၁၂၄.၂၅	၁၂၇.၄၉	-	-	-

Japan Thilawa Development Myanmar Limited MJTD

မှတ်ချက်။ အနီရောင်ဖြင့်ဖော်ပြထားသောတန်ဖိုးများသည်သတ်မှတ်ထားသည့်တန်ဖိုးများထက်ကျော်လွန်နေသည်ကိုဆိုလိုပါသည်။
မှတ်ချက်။ အမျိုးသားမြေပေါ်ရေအရည်အသွေး ဆိုင်ရာစံချိန်စံညွှန်း ၂၀၂၄။
*မှတ်ချက်။ အောက်တိုဘာလ ၂၀၁၅ တွင် တိုင်းတာခဲ့သော ဇုန်အပိုင်း(ခ)၏ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီအရင်ခံစာတွင် ဖော်ပြထားသော အခြေခံရလဒ်များ။
မူရင်း။ မြန်မာခိုအဲအင်တာနေရှင်နယ်လီမိတက်

၂.၅.၂ စောင့်ကြည့်လေ့လာသည့် ရည်ညွှန်းအမှတ်၏ ရေအရည်အသွေးရလဒ် (ရေတွင်း)

ဗီယက်နမ်နိုင်ငံ၏ မြေအောက်ရေအရည်အသွေးဆိုင်ရာ ရည်မှန်းတန်ဖိုး နှင့် ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီအရင်ခံစာတွင်ပါရှိသည့် ရေအရည်အသွေး ရည်မှန်းတန်ဖိုးများဖြင့် နှိုင်းယှဉ်ရာတွင် မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) ၏ ဆိုင်းကြွအနည် နှင့် သံဓာတ် ရလဒ်သည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရသည်။

မြေအောက်ရေအရည်အသွေးအတွက် ဗီယက်နမ်နိုင်ငံ၏ မြေအောက်ရေအရည်အသွေးဆိုင်ရာ အမျိုးသား နည်းပညာစည်းမျဉ်းဥပဒေ (No. QCVN 09-MT: 2015/BTNMT) ကို ကိုးကားထားပါသည်။ အဘယ်ကြောင့်ဆိုသော် မြန်မာနိုင်ငံတွင် မြေအောက်ရေအရည်အသွေး လမ်းညွှန်ချက်တန်ဖိုးများ မရှိသည့်အပြင် မြေအောက်ရေအရည်အသွေး တိုင်းတာသည့် အမျိုးအစားများအတွက် အိမ်နီးချင်းနိုင်ငံများ၏ လမ်းညွှန်ချက်တန်ဖိုးများထက် ဗီယက်နမ်နိုင်ငံ၏ လမ်းညွှန်ချက်တန်ဖိုးများတွင် ပိုမိုပါဝင်နေသောကြောင့် ဖြစ်သည်။ ဗီယက်နမ်နိုင်ငံ၏ မြေအောက်ရေတိုင်းတာမှုဆိုင်ရာ လမ်းညွှန်ချက်များတွင် ဝမ်းကိုက်ရောဂါကို ဖြစ်စေသော ကိုလီဖောင်းဘက်တီရီးယား၏ ရည်ညွှန်းတန်ဖိုးဖော်ပြထားခြင်း မရှိသောကြောင့် ဗီယက်နမ်နိုင်ငံ ၏ မြေပေါ်ရေအရည်အသွေးဆိုင်ရာ အမျိုးသားနည်းပညာစည်းမျဉ်းဥပဒေ (No. QCVN 08-MT: 2015/BTNMT) ကို ကိုးကားချက်အဖြစ် အသုံးပြုထားသည်။ ဖြည့်စွက်ချက်အနေဖြင့် မြေအောက်ရေ အရည်အသွေး ရလဒ်များနှင့် အတူ နှိုင်းယှဉ်ရန်အတွက် ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်း အစီအရင်ခံစာတွင်ပါရှိသည့် ပတ်ဝန်းကျင် ရေထုသို့ စွန့်ထုတ်မည့်ထုတ်လွှတ်ရေ အရည်အသွေး ရည်မှန်းတန်ဖိုးများကိုလည်း စဉ်းစားထားပါသည်။

ဆိုင်းကြွအနည် ရလဒ်အနေဖြင့် မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) သည် ယခု စောင့်ကြည့်ကာလတွင် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေပါသည်။ ဖြစ်နိုင်ချေရှိသော အကြောင်းရင်းမှာ ဆောက်လုပ်ရေး သို့မဟုတ် စိုက်ပျိုးရေးရေစီးဆင်းမှု၊ မိုးရေစီးဆင်းမှုနှင့် ရေကြီးမှုတို့သည် မြေဆီလွှာကို တိုက်စားပြီး အမှုန်အမွှားများကို မြေအောက်ရေထဲသို့ စိမ့်ဝင်ရောက်ရှိစေနိုင်သောကြောင့်ဖြစ်သည်။ ရေတွင်း၏ အနက်မှာ ၃၀ မီတာ ဝန်းကျင်ရှိကြောင်း ဘုန်းကြီးကျောင်း၏ သတင်းအချက်အလက်များအရ သိရပါသည်။ ၂၀၁၄ ခုနှစ်တွင် JICA မှ ထုတ်ပြန်ခဲ့သည့် "သီလဝါအထူးစီးပွားရေးဇုန်နှင့် ဆက်စပ် ဧရိယာများအတွက် အလားအလာရှိသော ရေအရင်းအမြစ်များအချက်အလက်ကောက်ယူမှုစစ်တမ်း" အစီရင်ခံစာကိုးကားချက်အရ မြေအောက် ရေနမူနာယူသည့် နေရာ-၂ (GW-2) မှ ထုတ်ယူရရှိသည့် မြေအောက်ရေသည် ရန်ကုန်မြစ်မှ ဆားငန်ရေဝင်ရောက်မှုရှိနေသော ဒုတိယရေအောင်းလွှာမှ ထုတ်ယူထားခြင်းဖြစ်ပါသည်။ ထို့အပြင် ဤရေအောင်းလွှာသည် မြေမျက်နှာပြင်နှင့် နီးကပ်စွာတည်ရှိပြီး မာကြောကျစ်လစ်မှုမရှိသော မြေသား အလွှာဖြင့် ဖုံးအုပ်ထားသည်။ ရလဒ်အားဖြင့် ဤရေအောင်းလွှာအတွင်းရှိ မြေအောက်ရေသည် ဆားငန်ရေ ဝင်ရောက်မှုသာမက အပေါ်ဖုံးအုပ်မြေလွှာမှ ဖြတ်သန်းလာသော ညစ်ညမ်းသည့် စိမ့်ဝင်မှုများကြောင့် ညစ်ညမ်းသွားနိုင်သည်။

Myanmar Japan Thilawa Development Limited MJTD

သံဓာတ်ရလဒ်အနေဖြင့် မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) သည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေပါသည်။ ဧပြီလ၊ ၂၀၁၉ ခုနှစ်ကတည်းက မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) ၏ ယခင် စောင့်ကြည့်လေ့လာမှုရလဒ်များနှင့် နှိုင်းယှဉ်သောအခါတွင် သံဓာတ်ရလဒ်အပိုင်းအခြားများသည် ဧပြီလ၊ ၂၀၂၃ခုနှစ်တွင် ၀.၁၀၈ mg/l မှ ဒီဇင်ဘာလ၊ ၂၀၂၃ခုနှစ် တွင် ၁၄.၁၀၀ mg/l အတွင်းရှိပါသည်။ ဩဂုတ်လ ၂၀၁၉ခုနှစ်၊ ဖေဖော်ဝါရီလ နှင့် ဧပြီလ၊ ၂၀၂၂ခုနှစ် နှင့် ဧပြီလ၊ ၂၀၂၃ခုနှစ် တို့၏ သံဓာတ်ပါဝင်မှုရလဒ်မှလွဲ၍ သံဓာတ်ပါဝင်မှုရလဒ် အများစု (ဧပြီလ၊ ၂၀၁၉ခုနှစ် မှ ဧပြီလ၊ ၂၀၂၅ခုနှစ်အထိ)သည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရသည်။ ထို့ကြောင့် ဖြစ်နိုင်ချေရှိသော အကြောင်းအရာများမှာ သဘာဝမြေဆီလွှာမှ သံဓာတ်အရင်းအမြစ် လွှမ်းမိုးမှုကြောင့် ဖြစ်နိုင်ပါသည် (သံဓာတ်သည်ရေစီးဆင်းမှုကြောင့် မြေဆီလွှာအတွင်းမှ ထွက်လာနိုင်ပါသည်)။ အထူးသဖြင့် သီလဝါ အထူးစီးပွားရေးဇုန်၏ ပတ်ဝန်းကျင်ရှိ တောင်ကုန်းငယ်များသည် သံဓာတ်ကြွယ်ဝသောမြေဆီလွှာ (ဂဝံမြေ)ဖြင့် အဓိကဖွဲ့စည်းထားပြီး စီးဆင်းရေများကြောင့် ၎င်းသံဓာတ်များ သည် မြေအောက်ရေအောင်းလွှာ အတွင်းသို့ ရောက်ရှိသွားသောကြောင့် ဖြစ်နိုင်ပါသည်။

ယခုစောင့်ကြည့်လေ့လာသောရလဒ်များနှင့် ၂၀၁၅ တွင် တိုင်းတာခဲ့သော အခြေခံရလဒ်များအား နှိုင်းယှဉ်ခဲ့ရာတွင် မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) ၏ ဆိုင်းကြွအနယ်၊ ဓာတုနည်းဖြင့်ဖြိုခွဲရန် အောက်စီဂျင်လိုအပ်ချက်နှင့် ကိုလီဖောင်းစုစုပေါင်း ရလဒ်များသည် GW-2 (၂၀၁၅ခုနှစ် အခြေခံ အချက်အလက်တိုင်တာခြင်း) ၏ ရလဒ်များထက် နည်းပါးသော်လည်း၊ မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) ၏ဖော့စဖောရက်စုစုပေါင်းနှင့် သံဓာတ် ရလဒ်များသည် GW-2 ၏ ရလဒ်များထက် ပို၍မြင့်မားနေကြောင်း တွေ့ရှိရပါသည်။

ဇယား ၂.၅-၃ ရည်ညွှန်းရေတွင်း၏ ရေအရည်အသွေး စောင့်ကြည့်လေ့လာမှုရလဒ်များ

စဉ်	ရေအရည်အသွေး တိုင်းတာသည့် အမျိုးအစားများ (Parameters)	ယူနစ်	မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2)	GW-2 (အခြေခံရလဒ်၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်း အစီရင်ခံစာ)*	ရည်မှန်းတန်ဖိုး	ဗီယက်နမ် မြေအောက်ရေ အရည်အသွေး ရည်မှန်းတန်ဖိုး
၁	ရေအပူချိန် (Water Temperature)	°C	၂၇	၂၈.၅	≤ ၃၅	-
၂	ချဉ်ဖန်ကိန်း (pH)	-	၆.၉	၆.၇	၆~၉	၅.၅-၈.၅
၃	ပျော်ဝင်အောက်စီဂျင် (Dissolved Oxygen)	mg/l	၅.၇၈	၇.၅	-	-
၄	နောက်ကျိမှု (Turbidity)	NTU	၂၀	-	-	-
၅	ဆိုင်းကြွအနယ် (suspended solid)	mg/l	၆၄	၁၂၀	၅၀	-
၆	ဇီဝနည်းဖြင့်ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် (၅-ရက်) ($BOD_{(5)}$)	mg/l	၄.၃၁	< ၂	၃၀	-

သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(ခ)ရှိစက်မှုဇုန်ဖွံ့ဖြိုးတိုးတက်မှုအတွက်ရေအရည်အသွေးစောင့်ကြည့်လေ့လာမှုအစီရင်ခံစာ
(လုပ်ငန်းလည်ပတ်နေစဉ်ကာလ) (နှစ်လတစ်ကြိမ်၊ စောင့်ကြည့်လေ့လာခြင်း အောက်တိုဘာလ ၂၀၂၅ ခုနှစ်)

စဉ်	ရေအရည်အသွေး တိုင်းတာသည့် အမျိုးအစားများ (Parameters)	ယူနစ်	မြေအောက်ရေ နမူနာယူသည့် နေရာ-၂ (GW-2)	GW-2 (အခြေခံ ရလဒ်၊ ပတ်ဝန်းကျင် ထိခိုက်မှု ဆန်းစစ်ခြင်း အစီရင်ခံစာ)*	ရည်မှန်းတန်ဖိုး	ဗီယက်နမ် မြေအောက်ရေ အရည်အသွေး ရည်မှန်းတန်ဖိုး
၇	ဓာတုနည်းဖြင့် ဖြိုခွဲရန် အောက်စီဂျင် လိုအပ်ချက် ($COD_{(Cr)}$)	mg/l	< ၀.၇	၁၁	၁၂၅	-
၈	ကိုလီဖောင်းစုစုပေါင်း (Total Coliform)	MPN/ 100ml	၁၃	>၂၃	၄၀၀	၃
၉	ဆီနှင့် အမဲဆီ (Oil and Grease)	mg/l	< ၃.၁	< ၀.၂	၁၀	-
၁၀	နိုက်ထရိုဂျင်စုစုပေါင်း (Total Nitrogen)	mg/l	< ၀.၅	< ၀.၆	၈၀	-
၁၁	ဖော့စဖောရက်စုစုပေါင်း (Total Phosphorus)	mg/l	၀.၅၂	၀.၃၉	၂	-
၁၂	အရောင် (Color)	TCU (True Color Unit)	၃၉.၅၇	< ၁	၁၅၀	-
၁၃	အနံ့ (Odor)	TON (Threshold Odor Number)	၃	None	-	-
၁၄	ပျော်ဝင်အနည်စုစုပေါင်း (Total Dissolved Solids)	mg/l	၁၉၂	-	၂၀၀၀	၁၅၀၀
၁၅	ပြဒါးဓာတ် (Mercury)	mg/l	≤ ၀.၀၀၂	<၀.၀၀၀၅	၀.၀၀၅	၀.၀၀၁
၁၆	ခရိုမီယမ် (Chromium)	mg/l	≤ ၀.၀၀၂	-	၀.၅	-
၁၇	သံဓာတ် (Iron)	mg/l	၁၁.၉၂၀	၀.၁၉	၃.၅	၅
၁၈	ဝမ်းကိုက်ရောဂါကိုဖြစ်စေသော ကိုလီဖောင်း ဘက်တီးရီးယား (Escherichia Coli) (ကိုယ်တိုင်စောင့်ကြည့် လေ့လာခြင်း)	MPN/100ml (SW)	< ၁.၈	-	(၁၀၀)** (CFU/၁၀၀ml)	(၁၀၀)** (CFU/၁၀၀ml)
၁၉	စီးဆင်းနှုန်း (Flow Rate)	m^3/s	-	-	-	-

မှတ်ချက်။ အနီရောင်ဖြင့်ဖော်ပြထားသောတန်ဖိုးများသည်သတ်မှတ်ထားသည့်တန်ဖိုးများထက်ကျော်လွန်နေသည်ကိုဆိုလိုပါသည်။
မှတ်ချက်။ ဗီယက်နမ် မြေအောက် ရေအရည်အသွေး ရည်မှန်းတန်ဖိုး (No. QCVN 09-MT: 2015/BTNMT)
*မှတ်ချက်။ အောက်တိုဘာလ ၂၀၁၅ တွင် တိုင်းတာခဲ့သော ဇုန်အပိုင်း(ခ)၏ ပတ်ဝန်းကျင်ထိခိုက်မှု ဆန်းစစ်ခြင်းအစီအရင်ခံစာတွင် ဖော်ပြထားသော အခြေခံရလဒ်များ။
**မှတ်ချက်။ မြေအောက်ရေစောင့်ကြည့်လေ့လာသောနေရာတွင် ရေအသုံးပြုမှုပေါ်မူတည်၍ ဗီယက်နမ်နိုင်ငံရှိ မြေပေါ်ရေအရည်အသွေးဆိုင်ရာ အမျိုးသားနည်းပညာစည်းမျဉ်းဥပဒေ B1 (ဆည်မြောင်းရေ) (No. QCVN08-MT:2015/BTNMT) ကိုမြေအောက်ရေကိုယ်တိုင် စောင့်ကြည့်လေ့လာခြင်း အတွက် ရည်မှန်းတန်ဖိုးအဖြစ်သတ်မှတ်ပါသည်။
မူရင်း။ မြန်မာခိုအဲအင်တာနေရှင်နယ်လီမိတက်

Myanmar Japan Thilawa Development Limited MJTD

၂.၅.၃ ယခင်စောင့်ကြည့်လေ့လာမှုရလဒ်များ နှင့် ၂၀၂၅ခုနှစ် အောက်တိုဘာလတွင် စောင့်ကြည့်လေ့လာမှုရလဒ် များ ၏ ရည်မှန်းတန်ဖိုးထက် ကျော်လွန်နေသော ရေအရည်အသွေးများ နှိုင်းယှဉ်ခြင်း

ယခု စောင့်ကြည့်လေ့လာနေစဉ်ကာလ (အောက်တိုဘာလ ၂၀၂၅) အတွင်း ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေသော ရေအရည်အသွေးများအား ခြုံငုံသုံးသပ်ကြည့်ရန်အတွက် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ကတည်းကရရှိသော စောင့်ကြည့် မှုရလဒ်များနှင့် နှိုင်းယှဉ်ထားပါသည်။

ရေစွန့်ထုတ်လိုက်သောနေရာများ တိုင်းတာသည့် မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) ရလဒ်များအရ မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) ၏ ဆိုင်းကြွအနည် ရလဒ်သည် စောင့်ကြည့်သည့် အချိန်ကာလ သုံးခု ဖြစ်သည့် ဧပြီလ၊ ဇွန်လ နှင့် အောက်တိုဘာ ၂၀၂၅ တို့တွင် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေသကဲ့သို့ မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) ၏ ရလဒ်များသည်လည်း ဇွန်လ၊ ဩဂုတ်လ နှင့် အောက်တိုဘာ ၂၀၂၅ အသီးသီး တို့တွင် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရှိရပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) ၏ ကိုလီဖောင်းစုစုပေါင်းရလဒ်သည် ဒီဇင်ဘာလ ၂၀၂၄၊ ဖေဖော်ဝါရီလ နှင့် ဩဂုတ် ၂၀၂၅ မှလွဲ၍ ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေပြီး ၁၇၀၀ MPN/၁၀၀ml မှ ၃၅၀၀၀ MPN/၁၀၀ml တန်ဖိုးအတွင်း ရှိပါသည်။ ထို့အပြင် မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) ၏ ကိုလီဖောင်းစုစုပေါင်းရလဒ်သည် ဒီဇင်ဘာလ ၂၀၂၄ မှ လွဲ၍ ကန့်သတ်တန်ဖိုးထက် မြင့်မားနေပြီး ၁၃၀၀ MPN/၁၀၀ml မှ ၃၅၀၀၀ MPN/၁၀၀ml တန်ဖိုးအတွင်း ရှိပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) ၏ သံဓာတ်ပါဝင်မှုရလဒ် သည် စောင့်ကြည့်လေ့လာသည့် ကာလ သုံးခု (ဇွန်လ၊ ဩဂုတ်လနှင့် အောက်တိုဘာလ ၂၀၂၅ ခုနှစ်) တွင် ကန့်သတ်ချက်ထက် အနည်းငယ်ပိုမိုမြင့်မားနေပြီး ၃.၇၂၆ မှ ၈.၄၂ mg/l အပိုင်းအခြားအတွင်း ရှိပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) ၏ သံဓာတ် ရလဒ်တန်ဖိုးသည် မိုးရာသီတွင် ပိုမြင့်မားကြောင်း တွေ့ရှိရပြီး သဘာဝ သံဓာတ်အရင်းအမြစ်၏ လွှမ်းမိုးမှုကြောင့် ဖြစ်နိုင်ပါသည် (သံဓာတ်သည် ရေစီးဆင်းမှုကြောင့် မြေဆီလွှာ အတွင်းမှ ထွက်လာနိုင်ပါသည်)။ အထူးသဖြင့် သီလဝါအထူးစီးပွားရေးဇုန် ၏ ပတ်ဝန်းကျင်ရှိ တောင်ကုန်းငယ် များသည် သံဓာတ်ကြွယ်ဝသော မြေဆီလွှာ(ဂဝံမြေ) ဖြင့် အဓိကဖွဲ့စည်းထားပြီး စီးဆင်းရေများ သို့မဟုတ် လေပြင်းတိုက်ခတ်မှုများကြောင့် ၎င်းမြေသားများသည် မြေနိမ့်ပိုင်းဒေသများသို့ ရောက်ရှိသွားသောကြောင့် ဖြစ်နိုင်ပါသည်။ ထို့အပြင် သံဓာတ်များသည် သဘာဝအတိုင်း ပတ်ဝန်းကျင်တွင် အချိန်ကြာမြင့်စွာ ကျန်ရှိနေခြင်းကြောင့်ဖြစ်သည်။

ဆိုင်းကြွအနည် ရလဒ်အနေဖြင့် ရည်ညွှန်းအမှတ် မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) သည် ယခု စောင့်ကြည့်တိုင်းတာသည့် ကာလ (အောက်တိုဘာ ၂၀၂၅) တွင် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေပြီး ၆၄ mg/l တန်ဖိုးရှိပါသည်။ ထိုအပြင် သံဓာတ်ပါဝင်မှုရလဒ်အများစုအနေဖြင့် မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) သည် ဇွန် ၂၀၂၅ မှလွဲ၍ ကျန်သောစောင့်ကြည့်တိုင်းတာသည့် ကာလများတွင် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေပါသည်။ မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) တွင် သံဓာတ်ပါဝင်မှုရလဒ် ကန့်သတ်တန်ဖိုးထက် ကျော်လွန်ရခြင်း အကြောင်းအရာများမှာ သီလဝါ အထူးစီးပွားရေးဇုန်သည် သံဓာတ်ကြွယ်ဝသောမြေဆီလွှာ (ဂဝံမြေ)ဖြင့် အဓိကဖွဲ့စည်းထားပြီး စီးဆင်းရေများကြောင့် ၎င်းသံဓာတ်များ သည် မြေအောက်ရေအောင်းလွှာ အတွင်းသို့ ရောက်ရှိသွားသောကြောင့် ဖြစ်နိုင်ပါသည်။

Myanmar Japan Thilawa Development Limited MJTD

အခြားတစ်ဖက်တွင် စောင့်ကြည့်လေ့လာသည့် ရည်ညွှန်းအမှတ် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) ရှိ သံဓာတ်ရလဒ်တန်ဖိုးသည် စောင့်ကြည့်လေ့လာသည့်ကာလ (၂) ခု (ဩဂုတ်လ နှင့် အောက်တိုဘာလ ၂၀၂၅) တွင် ကန့်သတ် တန်ဖိုးထက် ကျော်လွန်နေပြီး၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ရှိ သံဓာတ်ရလဒ်တန်ဖိုးသည်လည်း ဇွန်လ ၂၀၂၅ မှလွဲ၍ ကျန်စောင့်ကြည့်လေ့လာသည့် ကာလများတွင် ၄.၃၈၂ mg/l မှ ၁၇၁.၆၄ mg/l ထိမြင့်မားနေပါသည်။ ရည်ညွှန်းအမှတ် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ရှိ ဆိုင်းကြွအနည်ရလဒ်တန်ဖိုးအနေဖြင့် သုံးရာသီတလျှောက်လုံးတွင် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေပြီး၊ ၇၄ မှ ၈၁၇ mg/l ထိ တန်ဖိုးအပိုင်းအခြား အတွင်းရှိနေပါသည်။ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တွင် ဆိုင်းကြွအနည်ရလဒ်သည် အမြဲမြင့်မားနေခြင်းမှာ အနီးပတ်ဝန်းကျင်မှ စိုက်ပျိုးရေးလုပ်ငန်းများနှင့် အိမ်သုံးစွန့်ပစ်ရေများ စီးဆင်းလာခြင်းနှင့် ရွှေပျောက်ချောင်းတလျှောက် ချောင်းအောက်ဘက်ရှိ ရေများသည် သုံးရာသီတလျှောက်လုံးတွင် ဒီရေအတက်အကျကြောင့် အထက်သို့ပြန်လည်စီးဝင်လာသောကြောင့် ဖြစ်နိုင်ပါသည်။ စောင့်ကြည့်လေ့လာသည့် ရည်ညွှန်းအမှတ် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့ရှိ ကိုလီဖောင်းစုစုပေါင်းရလဒ်များသည် စောင့်ကြည့်လေ့လာမှုကာလအားလုံးတွင် မြင့်မားနေပြီး၊ နေရာ-၂ (SW-2) သည် ၄၅၀ မှ >၁၆၀၀၀၀ MPN/100ml အပိုင်းအခြားအတွင်းနှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) သည် ၉၂၀ မှ ၉၂၀၀၀ MPN/100ml အပိုင်းအခြားအတွင်း အသီးသီးရှိကြောင်း တွေ့ရှိရပါသည်။ အထူးသဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) ၏ ကိုလီဖောင်းစုစုပေါင်းရလဒ်သည် ဒီဇင်ဘာလ ၂၀၂၄ တွင် စမ်းသပ်နိုင်သောပမာဏ (>၁၆၀၀၀၀ MPN/100ml)ထိ ရောက်ရှိသကဲ့သို့ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ၏ ကိုလီဖောင်းစုစုပေါင်းရလဒ်သည် စောင့်ကြည့်လေ့လာသည့်ကာလ (၃) ခု (အောက်တိုဘာလ, ဒီဇင်ဘာလ ၂၀၂၄ နှင့် အောက်တိုဘာလ ၂၀၂၅)တွင် ၉၂၀၀၀ MPN/100ml ထိ ရောက်ရှိကြောင်း တွေ့ရှိရပါသည်။ ယခုလက်ရှိ ရေအရည်အသွေးများ၏ ရလဒ်များအခြေအနေသည် သီလဝါအထူးစီးပွါးရေးဇုန် ယခင် နှင့် ယခုလက်ရှိကာလ လည်ပတ်မှု၏ ပတ်ဝန်းကျင်အခြေနေများကို ထင်ဟပ်နေသည်ဟု ဆိုနိုင်ပါသည်။

ရည်မှန်းတန်ဖိုး ထက်ကျော်လွန်နေသည့် သက်ဆိုင်ရာ ရေအရည်အသွေး အမျိုးအစားများအတွက် ဖြစ်နိုင်သော အကြောင်းပြချက်များအား ဤအစီရင်ခံစာ၏ အရှေ့ပိုင်းရှင်းလင်းချက်တွင် ဖော်ပြထားပါသည်။

Myanmar Japan Thilawa Development Limited MJTD

အခန်း ၃ နိဂုံးချုပ် နှင့် အကြံပြုချက်များ

အခန်း ၂ (အပိုင်း ၂.၅) တွင်ဖော်ပြထားသကဲ့သို့ သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(ခ) လုပ်ငန်းလည်ပတ်နေစဉ်ကာလ စောင့်ကြည့်လေ့လာသောအချိန်အတွင်း မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4)၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) တို့တွင် ဆိုင်းကြွအနယ်၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2)၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4)၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) တို့တွင် ကိုလီဖောင်းစုစုပေါင်း၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2)၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4)၊ မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) နှင့် မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) တို့တွင် သံဓာတ် စသည်တို့သည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေပါသည်။

ဆိုင်းကြွအနယ်ရလဒ်အနေဖြင့် ချောင်းတွင်းသို့ မစွန့်ထုတ်ခင် ဇုန်အပိုင်း(ခ)၏ အဓိက စွန့်ထုတ်ရေထွက်ပေါက်များဖြစ်သော မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) ရှိ ရလဒ်များသည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေရခြင်းမှာ ဇုန်အပိုင်း(ခ)ရှိ မြေလွတ်များမှ မြေမျက်နှာပြင် စီးဆင်းရေများကြောင့် ဖြစ်နိုင်ပါသည်။

ကိုလီဖောင်း စုစုပေါင်း ရလဒ်အနေဖြင့် စောင့်ကြည့်လေ့လာသော ဇုန်အပိုင်း(ခ)၏ အဓိက စွန့်ထုတ်ရေထွက်ပေါက်များဖြစ်သော မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) ရှိ ရလဒ်များသည် ကန့်သတ် တန်ဖိုးထက် ကျော်လွန်နေရခြင်းမှာ အမျိုးမျိုးသော အပင်များပေါက် ရောက်ခြင်း နှင့် ရေနေသတ္တဝါများ ကျင်လည် ကျက်စားခြင်း၊ အထူးသဖြင့် ရေထိန်းကန် နှင့် ရေထိန်း တူးမြောင်းတလျှောက်တွင်ရှိသော တိရစ္ဆာန်များမှ ထွက်ရှိသော စွန့်ပစ်အညစ်အကြေးများကြောင့် လည်းကောင်း၊ ပတ်ဝန်းကျင်မှ အညစ်အကြေး များသည် ရေထိန်းကန် နှင့် ရေထိန်းတူးမြောင်းထဲသို့ စီးဝင်စေပြီး ၎င်းစီးဆင်းရေများတွင် ပါဝင်သော တိရစ္ဆာန်များ၏ စွန့်ပစ် အညစ်အကြေးများနှင့် အခြား အညစ်အကြေးများသည် ကိုလီဖောင်းပါဝင်မှုအား မြင့်တက် စေခြင်းကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။

ကိုလီဖောင်းစုစုပေါင်း၏ ဖြစ်တည်မှုတွင် သဘာဝမှဘက်တီးရီးယားများပါဝင်ပြီး ကိုလီဖောင်းစုစုပေါင်းသည် လူတို့၏ကျန်းမာရေးကို တိုက်ရိုက်ထိခိုက်မှု မရှိသော်ငြားလည်း ကိုလီဖောင်း ဘက်တီးရီးယား အမျိုးအစားထဲမှ ကျန်းမာရေးအပေါ် သက်ရောက်မှု ရှိ/မရှိသိစေရန် တစ်နည်းအားဖြင့် ဝမ်းကိုက်ရောဂါကို ဖြစ်စေသော ကိုလီဖောင်း ဘက်တီးရီးယား အမျိုးအစားတစ်မျိုး (E Coli) အား ဓာတ်ခွဲစမ်းသပ်လေ့လာခဲ့ပါသည်။ ဤဝမ်းကိုက်ရောဂါကို ဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား(E Coli)ရလဒ်အရ မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7)နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8)၏ တန်ဖိုးသည် ကန့်သတ်တန်ဖိုးအတွင်း ရှိကြောင်း တွေ့ရှိရပါသည်။ ထို့ကြောင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7)နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) တွင် ကိုလီဖောင်းစုစုပေါင်းသည် ကန့်သတ်တန်ဖိုးထက် များနေသော်လည်း လူ၏ကျန်းမာရေးကို ထိခိုက်နိုင်သည့် သက်ရောက်မှုမရှိနိုင်ကြောင်း သတ်မှတ်နိုင်ပါသည်။

သံဓာတ်ရလဒ်အနေဖြင့် စောင့်ကြည့်လေ့လာသည့် ရေထိန်းကန် မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) ရှိ ရလဒ်သည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေသည်။ ဖြစ်နိုင်သောအဓိက အကြောင်းအရာများမှာ သဘာဝ သံဓာတ်အရင်းအမြစ်၏ လွှမ်းမိုးမှုကြောင့် ဖြစ်နိုင်ပါသည် (သံဓာတ်သည် ရေစီးဆင်းမှုကြောင့် မြေဆီလွှာအတွင်းမှ ထွက်လာနိုင်ပါသည်)။ အထူးသဖြင့် သီလဝါအထူးစီးပွားရေးဇုန် ၏ ပတ်ဝန်းကျင်ရှိ တောင်ကု

Myanmar Japan Thilawa Development Limited MJTD

များသည် သံဓာတ်ကြွယ်ဝသော မြေဆီလွှာ(ဂဝံမြေ) ဖြင့် အဓိကဖွဲ့စည်းထားပြီး စီးဆင်းရေများ သို့မဟုတ် လေပြင်းတိုက်ခတ်မှုများကြောင့် ၎င်းမြေသားများသည် မြေနိမ့်ပိုင်းဒေသများသို့ ရောက်ရှိသွားသောကြောင့် ဖြစ်နိုင်ပါသည်။ ထို့အပြင် သံဓာတ်များသည် သဘာဝအတိုင်း ပတ်ဝန်းကျင်တွင် အချိန်ကြာမြင့်စွာ ကျန်ရှိနေခြင်းကြောင့်ဖြစ်သည်။

ဆိုင်းကြွအနည်၏ ရလဒ်အနေဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ရှိ ဆိုင်းကြွအနည်ရလဒ်သည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေရခြင်းမှာ (၁) သဘာဝအလျောက် ချောင်းအထက်ပိုင်းမှ စီးဆင်းလာခြင်းနှင့် သီလဝါအထူးစီးပွားရေးဇုန်ပြင်ပရှိ ပြည်တွင်းစက်မှုဇုန်မှ စွန့်ထုတ်လိုက်သော ရေများကြောင့် လည်းကောင်း၊ (၂) ရွှေပျောက်ချောင်းတလျှောက် ချောင်းအောက်ဘက်ရှိ ရေများသည် ဒီရေအတက်အကျကြောင့် အထက်သို့ ပြန်လည်စီးဝင်လာခြင်းကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။

ကိုလီဖောင်းစုစုပေါင်း ရလဒ်အနေဖြင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့ရှိ ရလဒ်များသည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေသည့် အဓိကအကြောင်းအရင်းသုံးမျိုးကြောင့် ဖြစ်နိုင်သည် (၁) အမျိုးမျိုးသော အပင်များပေါက်ရောက်ခြင်း နှင့် ရေနေသတ္တဝါများကျင်လည်ကျက်စားခြင်း၊ အထူးသဖြင့် တိရစ္ဆာန်များမှ ထွက်ရှိသော စွန့်ပစ်အညစ်အကြေးများကြောင့် လည်းကောင်း၊ (၂) အနီးပတ်ဝန်းကျင်မှ အညစ်အကြေးများသည် ရွှေပျောက်ချောင်းသို့ စီးဆင်းပြီး ၎င်းစီးဆင်းရေများတွင် ပါဝင်သော တိရစ္ဆာန်များ၏စွန့်ပစ်အညစ်အကြေးများနှင့် အခြားအညစ်အကြေးများသည် ကိုလီဖောင်းပါဝင်မှုအား မြင့်တက်စေနိုင်ခြင်းကြောင့် လည်းကောင်း၊ ၃) ဒီရေတက်ချိန်တွင် ရွှေပျောက်ချောင်း တလျှောက် တိုးဝင်လာသောဒီရေများတွင် ပါရှိလာနိုင်သော အညစ်အကြေးများကြောင့် လည်းကောင်း ဖြစ်နိုင်ပါသည်။

သံဓာတ်ရလဒ်အနေဖြင့် စောင့်ကြည့်လေ့လာသည့် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ရှိ ရလဒ်သည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေပါသည်။ ဖြစ်နိုင်ချေရှိသော မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) ရှိ ရလဒ် ကျော်လွန်နေရခြင်း အကြောင်းအရာများမှာ သဘာဝ သံဓာတ်အရင်းအမြစ်၏ လွှမ်းမိုးမှုကြောင့် ဖြစ်နိုင်ပါသည် (သံဓာတ်သည် ရေစီးဆင်းမှုကြောင့် မြေဆီလွှာ အတွင်းမှ ထွက်လာနိုင်ပါသည်)။ အထူးသဖြင့် သီလဝါ အထူးစီးပွားရေးဇုန် ၏ ပတ်ဝန်းကျင်ရှိ တောင်ကုန်းငယ်များသည် သံဓာတ်ကြွယ်ဝသော မြေဆီလွှာ (ဂဝံမြေ) ဖြင့် အဓိကဖွဲ့စည်းထားပြီး စီးဆင်းရေများ သို့မဟုတ် လေပြင်းတိုက်ခတ်မှုများကြောင့် ၎င်းမြေသားများသည် မြေနိမ့်ပိုင်းဒေသများသို့ ရောက်ရှိသွားသောကြောင့် ဖြစ်နိုင်ပါသည်။

ဆိုင်းကြွအနည် ရလဒ်အနေဖြင့် မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) သည် ယခုစောင့်ကြည့်ကာလတွင် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေပါသည်။ ဖြစ်နိုင်ချေရှိသော အကြောင်းရင်းမှာ ဆောက်လုပ်ရေး သို့မဟုတ် စိုက်ပျိုးရေးရေစီးဆင်းမှု၊ မိုးရေစီးဆင်းမှုနှင့် ရေကြီးမှုတို့သည် မြေဆီလွှာကို တိုက်စားပြီး အမှုန်အမွှားများကို မြေအောက်ရေထဲသို့ စိမ့်ဝင်ရောက်ရှိစေနိုင်သောကြောင့်ဖြစ်သည်။ ရေတွင်း၏ အနက်မှာ ၃၀ မီတာ ဝန်းကျင်ရှိကြောင်း ဘုန်းကြီးကျောင်း၏ သတင်းအချက်အလက်များအရ သိရပါသည်။ ၂၀၁၄ ခုနှစ်တွင် JICA မှ ထုတ်ပြန်ခဲ့သည့် "သီလဝါအထူးစီးပွားရေးဇုန်နှင့် ဆက်စပ် ဧရိယာများအတွက် အလားအလာရှိသော ရေအရင်းအမြစ်များအချက်အလက်ကောက်ယူမှုစစ်တမ်း" အစီရင်ခံစာကိုးကားချက်အရ မြေအောက် ရေနမူနာယူသည့် နေရာ-၂ (GW-2) မှ ထုတ်ယူရရှိသည့် မြေအောက်ရေသည် ရန်ကုန်မြစ်မ ဆားငန်ရေဝင်ရောက်မှုရှိနေသော ဒုတိယရေအောင်းလွှာမှ ထုတ်ယူထားခြင်းဖြစ်ပါသည်။ ထ

ဤရေအောင်းလွှာသည် မြေမျက်နှာပြင်နှင့် နီးကပ်စွာတည်ရှိပြီး မာကြောကျစ်လစ်မှုမရှိသော မြေသား အလွှာဖြင့် ဖုံးအုပ်ထားသည်။ ရလဒ်အားဖြင့် ဤရေအောင်းလွှာအတွင်းရှိ မြေအောက်ရေသည် ဆားငန်ရေဝင်ရောက်မှုသာမက အပေါ်ဖုံးအုပ်မြေလွှာမှ ဖြတ်သန်းလာသော ညစ်ညမ်းသည့် စိမ့်ဝင်မှုများကြောင့် ညစ်ညမ်းသွားနိုင်သည်။

သံဓာတ်ရလဒ်အနေဖြင့် မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) သည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေပါသည်။ ဧပြီလ၊ ၂၀၁၉ ခုနှစ်ကတည်းက မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) ၏ ယခင် စောင့်ကြည့်လေ့လာမှုရလဒ်များနှင့် နှိုင်းယှဉ်သောအခါတွင် သံဓာတ်ရလဒ်အပိုင်းအခြားများသည် ဧပြီလ၊ ၂၀၂၃ခုနှစ်တွင် ၀.၁၀၈ mg/l မှ ဒီဇင်ဘာလ၊ ၂၀၂၃ခုနှစ် တွင် ၁၄.၁၀၀ mg/l အတွင်းရှိပါသည်။ ဩဂုတ်လ ၂၀၁၉ခုနှစ်၊ ဖော်ဖော်ဝါရီလ နှင့် ဧပြီလ၊ ၂၀၂၂ခုနှစ် နှင့် ဧပြီလ၊ ၂၀၂၃ခုနှစ် တို့၏ သံဓာတ်ပါဝင်မှုရလဒ်မှလွဲ၍ သံဓာတ်ပါဝင်မှုရလဒ် အများစု (ဧပြီလ၊ ၂၀၁၉ခုနှစ် မှ ဧပြီလ၊ ၂၀၂၅ခုနှစ်အထိ)သည် ကန့်သတ်တန်ဖိုးထက် ကျော်လွန်နေကြောင်း တွေ့ရသည်။ ထို့ကြောင့် ဖြစ်နိုင်ချေရှိသော အကြောင်းအရာများမှာ သဘာဝမြေဆီလွှာမှ သံဓာတ်အရင်းအမြစ် လွှမ်းမိုးမှုကြောင့် ဖြစ်နိုင်ပါသည် (သံဓာတ်သည်ရေစီးဆင်းမှုကြောင့် မြေဆီလွှာအတွင်းမှ ထွက်လာနိုင်ပါသည်)။ အထူးသဖြင့် သီလဝါ အထူးစီးပွားရေးဇုန်၏ ပတ်ဝန်းကျင်ရှိ တောင်ကုန်းငယ်များသည် သံဓာတ်ကြွယ်ဝသောမြေဆီလွှာ (ဂဝံမြေ)ဖြင့် အဓိကဖွဲ့စည်းထားပြီး စီးဆင်းရေများကြောင့် ၎င်းသံဓာတ်များ သည် မြေအောက်ရေအောင်းလွှာအတွင်းသို့ ရောက်ရှိသွားသောကြောင့် ဖြစ်နိုင်ပါသည်။

စောင့်ကြည့်လေ့လာသော ရေအရည်အသွေးရလဒ်များနှင့် အမျိုးသားမြေပေါ်ရေအရည်အသွေးဆိုင်ရာ စံချိန်စံညွှန်းများနှင့် နှိုင်းယှဉ်သောအခါတွင် မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW-2)နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW-4) တို့၏ ရေအရည်အသွေးများသာမက စွန့်ထုတ်ရေထွက်ပေါက်၏ မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) နှင့် မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) ၏ ရေအရည်အသွေး ရလဒ်များသည်လည်း ရေအသုံးပြုမှု အမျိုးအစား ၅ နှင့် ကိုက်ညီပါသည်။

အနာဂတ်တွင် သီလဝါအထူးစီးပွားရေးဇုန်အပိုင်း(ခ)၏ အဓိကစွန့်ထုတ်ရေ ထွက်ရှိသောနေရာများမှ ထွက်ရှိလာသော ရေအရည်အသွေးများဖြစ်သည့် ဆိုင်းကြွအနည်၊ ကိုလီဖောင်းစုစုပေါင်း၊ နှင့် သံဓာတ်ရလဒ်၏ ရည်မှန်းတန်ဖိုးနှင့် သင့်လျော်သော ရေအရည်အသွေးစောင့်ကြည့်လေ့လာမှု ရရှိနိုင်ရန် အောက်ပါ ဆောင်ရွက်ချက်များကို လုပ်ဆောင်သင့်ပါသည်။

- ရေထိန်းကန် အတွင်း ရှိနေသော စုခဲနေသော အနည်အနှစ်များနှင့် ပေါက်ရောက်နေသော အပင်များကို ပုံမှန်ဖယ်ရှားရှင်းလင်းပေးခြင်းဖြင့် သန့်ရှင်းမှုကို အပြည့်အဝဆက်လက်ဆောင်ရွက်ရန်၊
- ကိုလီဖောင်းဘက်တီးရီးယားများ၏ ကျန်းမာရေးအပေါ်သက်ရောက်မှုကို သိရှိနိုင်ရန် ဝမ်းကိုက်ရောဂါကို ဖြစ်စေသော ကိုလီဖောင်းဘက်တီးရီးယား(E. Coli) ကိုဆက်လက်စောင့်ကြည့်ရန်၊
- စွန့်ထုတ်ရေများ စီးဆင်းသော ရေမြောင်းများကို ပုံမှန်သန့်ရှင်းရေးပြုလုပ်ရန်၊
- စက်ရုံများမှ ထွက်ရှိလာသော စွန့်ပစ်ရေများ၏ ရေအရည်အသွေးများအား စစ်ဆေးရန်။


ဤတွင်စာတမ်းပြီးဆုံး

Myanmar Japan Thilawa Development Limited MJTD

နောက်ဆက်တွဲ ၁ ရေနမူနာရယူသည့် မှတ်တမ်းဓာတ်ပုံများ

Myanmar Japan Thilawa Development Limited
MJTD

သီလဝါအထူးစီးပွားရေးဇုန် အပိုင်း (ခ) ရှိ စွန့်ထုတ်ရေနမူနာရယူသည့်နေရာ



မြေပေါ်ရေနမူနာယူသည့် နေရာ-၇ (SW-7) ၌ ရေနမူနာရယူခြင်းနှင့်တိုင်းတာခြင်း



မြေပေါ်ရေနမူနာယူသည့် နေရာ-၈ (SW-8) ၌ ရေနမူနာရယူခြင်းနှင့်တိုင်းတာခြင်း

Myanmar Japan Thilawa Development Limited
MJTD

စွန့်ထုတ်ရေထွက်ရှိသောနေရာများနှင့် စွန့်ထုတ်ရေရောက်ရှိနိုင်သည့်ချောင်း၏ အခြေခံအချက်အလက်များကို နှိုင်းယှဉ်ရန်အတွက် ရည်ညွှန်းစောင့်ကြည့်လေ့လာသည့် နေရာများ



မြေပေါ်ရေနမူနာယူသည့် နေရာ-၂ (SW–2) ၌ ရေနမူနာရယူခြင်းနှင့်တိုင်းတာခြင်း



မြေပေါ်ရေနမူနာယူသည့် နေရာ-၄ (SW–4) ၌ ရေနမူနာရယူခြင်းနှင့်တိုင်းတာခြင်း



မြေအောက်ရေနမူနာယူသည့် နေရာ-၂ (GW-2) ရေနမူနာရယူခြင်းနှင့်တိုင်းတာခြင်း

နောက်ဆက်တွဲ ၂ ဓာတ်ခွဲခန်းရလဒ်များ



စွန့်ထုတ်ရေထွက်ရှိရာနေရာ

DOWA

GOLDEN DOWA ECO-SYSTEM MYANMAR CO., LTD.
Lot No E1, Thilawa SEZ Zone A, Yangon Region, Myanmar.
Phone No Fax No: (+95) 1 2309051

motivate our planet

Doc No: GEM-LB-R006E/01/AD
Page1of1

Report No. : GEM-LAB-202510042
Revision No. : 1
Report Date : 21 October, 2025
Application No. : 0001-C001

Test Report

Client Name : Myanmar Koei International LTD (MKI)
Address : No, 36/A, 1st Floor, Grand Pho Sein Condominium, Pho Sein Road, Tamwe Township, Yangon, Myanmar.
Project Name : Environment Monitoring report for Zone A & B
Sample Description
Sample Name : MKI-SW-7-1009
Sample No. : W-2510025
Waste Profile No. : -

Samoling Date : 09 October, 2025
Sampling By : Withdraw GEM
Sample Received Date : 09 October, 2025
Analytical Date : 09-21/10/2025

No.	Parameter	Method	Unit	Result	TSEZ's WQ Standard	LOQ
1	SS	APHA 2540D (Dry at 103-105'C Method)	mg/l	52	50	_
2	BOD (5)	APHA 5210 B (5 Days BOD Test)	mg/l	5.32	30	0.00
